# ၁၉၅၆ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၀။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၆ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၅ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ (ပြင်ဆင်ချက်) အက်ဥပဒေစတင်အာဏာတည်သည့် ၁၉၅၅ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။နောက်တွင်အဆိုပါအက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၄၈ ခုနှစ်၊ပါလီမန်ရွေးကောက်ပွဲအက်ဥပဒေပုဒ်မ ၆၂ ၏ခြွင်းချက်၌ "ဒေသန္တရအဖွဲ့ဝင်လူကြီးများ" ဆိုသည့်စကားရပ်နောက်တွင် "၊အက်ဥပဒေတခုခုအရသော်၎င်း၊နည်းဥပဒေတခုခုအရသော်၎င်း၊ အခြားနည်းဖြင့်သော်၎င်း၊ အစိုးရကခန့်ထားသည့်လခစား အစိုးရရာထမ်းမှုထမ်းမဟုတ်သောအဖွဲ့ဝင်များ၊ကော်မီတီလူကြီးများနှင့်ကောင်စီလူကြီးများ" ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၆၃ တွင်၊ အောက်ပါကို ရှင်းလင်းချက် အဖြစ်ထည့်သွင်းရမည်။

"<u>ရှင်းလင်းချက်။</u> ။ဤပုဒ်မပါကိစ္စအလို့ငှါ၊ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့်ကြော်ငြာစာရွက် စာတမ်း၊ပိုစတာ စသည်တို့ကပ်ထားခြင်း၊ ဆွဲထားခြင်းမပါဝင်ချေ။"

၄။ ။အဆိုပါ အက်ဥပဒေ၏ ဝဋ္ဋမဇယား၊ တရားမဲ့ပြုကျင့်မှုများစာရင်း အမှတ်စဉ် ၁၅ တွင်—

(၁) ရှိရင်းရှင်းလင်းချက်ကို "ရှင်းလင်းချက် ၁" ဟု အမှတ်စဉ်ရမည်။ ထို့ပြင်

(၂) အောက်ပါကိုရှင်းလင်းချက် ၂ အဖြစ်ထည့်သွင်းရမည်။

"<u>ရှင်းလင်းချက် ၂။</u> ။ဤစာပိုဒ်ကိစ္စအလို့ငှါ၊ 'ပြည်ထောင်စုနိုင်ငံအစိုးရ လက်အောက်တွင်သော်၎င်း၊ ပြည်နယ်အစိုးရလက်အောက်တွင်သော်၎င်း၊အမှုထမ်းရွက်နေသူ' ဆိုသည့် စကားရပ်တွင် အက်ဥပဒေတခုခုအရသော်၎င်း၊ နည်းဥပဒေတခုခုအရသော်၎င်း၊ အခြားနည်းဖြင့်သော်၎င်း၊ အစိုးရကခန့်ထားသည့် လခစား အစိုးရရာထမ်း မှုထမ်းမဟုတ်သော အဖွဲ့ဝင်များ၊ ကော်မီတီလူကြီးများနှင့် ကောင်စီလူကြီးများ မပါဝင်စေရ။"

အသိုး—၁၀ ပြား]

ပ၊မ၊ဗ၊စ၊—အမှတ် ၃၄၀၊ တရားရေးဝန်ကြီးဌာန၊ ၂၇-၁၀-၅၆—၂,၂၀၀—၂။